

အောင်မြင်စာပေ
လူကောင်

# အခန်း - တစ်

တကယ်လို့ များ ပေါ့... ဟောဒီလို သာယာတင့်မောဖွယ်ရှိတဲ့ ကမ္ဘာကြီးရဲ့ စိမ်းလန်းအေးချမ်းမှုတွေနဲ့ ပဲ 'လောက'ကို ဖန်တီးထားမယ်ဆိုရင် မျက်စိတစ်ဆုံး မြင်နေရတဲ့ စိတ်ခံစားမှုကို နှစ်ထားလိုက်ရုံနဲ့ အရာရာအားလုံး ပြီးပြည့်စုံသွားမယ်ဆိုရင်... အသင်္ချေ၊ အနန္တ ကာလ ရှည်ကြာသရွေ့ ဒီမြေကမ္ဘာကြီးကို တည်တံ့စေချင်ပါရဲ့ ...။

ကြည့်စမ်းကွယ်.. တောတောင်တွေ၊ လျှိုမြောင်တွေ၊ စိမ့်စမ်းရေတံခွန်တွေနဲ့ ငြိမ်းချမ်းအေးမြမှုကို ကိုယ်စားပြုချင်နေရှာတဲ့ အဆုံးမှ နှင်းလွှင်ပြင်တွေ...။

တို့ နေထိုင်တဲ့ ကမ္ဘာကြီးမှာ ဒီလောက်သန့်ရှင်းမွတ်စင်တဲ့ သဘာဝတရားတွေ ပြည့်နှက်နေခဲ့တာ။ ဒါနဲ့ များ ...။

အဲသလို အတွေးမျိုးတွေ ဦးသီလရဲ့ စိတ်အစဉ်မှာ ခဏလေး ထင်ဟပ် လာပြီး ရုတ်ခြည်းဆိုသလိုပဲ ပျောက်ကွယ်ကုန်တယ်။ စောစောပိုင်းက အထိ ဆိတ်ငြိမ်ညင်းညံ့လှတဲ့ ကမ္ဘာမြေဟာလည်း များ ပြားလှတဲ့ ခွာစုံပေါက်သံ ပြေးလွှားသံတွေကြောင့် အက်ကွဲတုန်ခါ လာပြီး ပိပိရိရိ အေးမြနေတဲ့ နှင်းလွှင်ပြင်ကြီး ဖွာလှန်ကျဲကုန်ပါတော့တယ်။

အံ့အားသင့်စရာပါလား။

ဘယ်မှာ လဲ ငြိမ်သက်မှု။ ဘယ်မှာ လဲ ရှုမငြီးတဲ့ အလှတရား။

ဘုရားရေ...။

ဦးသီလ ကြည့်မြင်နေရတဲ့ မြင်ကွင်းထဲ တိရစ္ဆာန်ပေါင်းစုံပါဝင်နေတဲ့ အုပ်စုကြီးနှစ်စု ဆုံမိကြပြီး အပြင်းအထန် သတ်ပုတ် တိုက်ခိုက်နေကြလို့ အသက်မရှူဝံ့အောင် ဖြစ်နေပြီးမှ .. သူ့လက်ထဲ မေ့မေ့လျော့လျော့ ကိုင်ထားမိတဲ့ ဗီဒီယိုကင်မရာကို သတိရပြီး အမိအရ ရိုက်ယူနေမိတယ်။

ဟုတ်တာပဲ.. ကမ္ဘာမြေပေါ်မှာ သတ္တလောကကြီး ရှိနေတာပဲ။ လောဘတွေ၊ ဒေါသတွေ၊ အမုန်းအမျက် အငြိုးအတေးတွေ၊ အတုံ့အလှည့်နဲ့ ရက်စက်မှုတွေ၊ မာန်မာနတရားတွေ၊ အားပြိုင်မှုတွေ၊ ဖိနှိပ်မှုတွေ.. အဲဒီလောင်စာတွေနဲ့ အလျှံညီးညီး တောက်လောင်နေတဲ့ မီးတွေ...။

ဦးသီလ တွေးမြင်ရိုက်ယူရင်း မြင်ကွင်းထဲမှာ ထင်မှတ်မထားတဲ့ အခြေအနေတစ်ခုကိုပါ မြင်လိုက်ရလို့ အသက်ရှူမှားသွားတယ်။

လူငယ်လေးတစ်ယောက်။ ရှိလှမှ အသက် (၂၀) ဝန်းကျင်လောက်ပဲ ရှိဦးမယ့် လူငယ်လေးမှာ သွေးသံရဲရဲနှင့် ဒဏ်ရာ အနာတရ ရထားလို့ မျောက်ဝံကြီးတစ်ကောင်က ပွေ့ထားတာ။

တခြားမျောက်ကြီးတွေကလည်း လူငယ်လေးကို ပွေ့ထားတဲ့ မျောက်ဝံကြီးကို ကာကွယ်ထားတာ။ တဖြည်းဖြည်း အန္တရာယ်နဲ့ လွတ်ရာကို ဆုတ်ခွာသွားတာဟာ တကယ့်ကို ရင်သပ်ရှုမောဖွယ်ရာ မဟုတ်လား။

ဒီလို ကရုဏာ၊ အကြင်နာတရားတွေလည်း ရှိနေပါလား။ ညီညွတ်ခြင်း၊ မျှတခြင်း၊ စောင့်ရှောက်ကူညီခြင်း ဆိုတာတွေနဲ့ သိမ်မွေ့လို့ ၊ နူးညံ့လို့ တောင် နေသေးရဲ့ ။

အိုး.. အိုး.. စောစောက ချာတိတ်က ဘာလဲ.. ဟာ...။

ဒီနေ့ရလိုက်တဲ့ အတွေ့အကြုံက ဦးသီလကို တနုံ့နုံ့ ခံစားသွားစေတယ်။

သူ စခန်းချရာတဲဆီ ပြန်ရောက်ရောက်ချင်း ဆေးသောက်ပြီး ခေတ္တခဏ အပန်းဖြေ အနားယူလိုက်ရတဲ့ အထိ စိတ်ပင်ပန်းခဲ့ပေမယ့် သူ့မျက်လုံးနဲ့ ရော ဗီဒီယိုမှတ်တမ်းထဲမှာ ပါ အသေအချာ မြင်တွေ့နေရတဲ့ လူငယ်လေးကို အတွေးအာရုံထဲကနေ ဘယ်လိုမှ မဖယ်ထုတ်နိုင်ဘူး ဖြစ်နေတယ်။

တိရစ္ဆာန်တွေနဲ့ ကြီးပြင်းရတဲ့ တာဇံများ လား။

ဟာ.. မဖြစ်နိုင်ဘူး။ အဲဒါက ငါကြည့်ဖူးတဲ့ ရုပ်ရှင်တွေပဲ။

ဒါက.. ဒါက..

ဦးသီလ ဒီထက်လည်း ပိုမတွေးတတ်တော့လို့ စိတ်ရှုပ်သလို တစ်ယောက်တည်း ညည်းတွားရင်း အတွေးသက်သာအောင် အာရုံပြောင်းလိုက်တယ်။

သူ့ဘေးမှာ ပစ်ချထားတဲ့ ပတ္တူအိတ်ကို ဝါးကွပ်ပျစ်ပေါ် သွန်မှောက်ချပြီး ဒီနေ့ရလာတဲ့ ဆေးရွက်တွေ သူ့အုပ်စုနဲ့ သူ ဖြစ်အောင် ခွဲနေပါတော့တယ်။

တကယ်တော့ ဦးသီလက ရက္ခမူ တိုင်းရင်းဆေးပညာရှင် တစ်ယောက်ပါ။ သူ့ရဲ့ မျိုးရိုးစဉ်ဆက် တိုင်းရင်းသမားတော် ဆေးပညာနဲ့ အေးအေးလူလူ ဆေးကုသပြီး နေထိုင်နိုင်ပေမယ့် ပင်ကိုယ်က စူးစမ်းလို၊ စွန့်စားလိုတဲ့ ဝါသနာကြောင့် ဖခင်ထံမှ အမွေခံတဲ့ ပညာနဲ့ မတင်းတိမ်နိုင်ဘဲ အရှေ့တိုင်း နိုင်ငံတွေဆီ လှည့်လည်ပြီး တိုင်းရင်းဆေးပညာကို ဆင့်

ပွား သင်ယူလာခဲ့တယ်။

အဲသလို သင်ယူခဲ့ရသမျှထဲက ရက္ခမူတိုင်းရင်းဆေးပညာကို သူ အလွန်ပဲ နှစ်သက်သွားတဲ့ အတွက် အခုလို လူသူမနီးတဲ့ တောကြီးမျက်မည်းထဲ ခရီးလှည့်လည်ပြီး ဆေးပင်တွေ၊ ဆေးရွက်တွေကို လေ့လာစုဆောင်းရင်း သုတေသနပြုနေခဲ့တာပါ။

ဒီနေ့မှာ တော့ အလွန်ထူးခြားတဲ့ မြင်ကွင်းတစ်ခုကို မြင်လိုက်ရလို့ အစဉ်သဖြင့် အေးချမ်း ငြိမ်သက်နေတဲ့ သူ့ရဲ့ စိတ်သဏ္ဍာန်ကို အလွန်ပဲ တုန်ခါစေခဲ့ပါတယ်။

အဲသလို စိတ်လှုပ်ရှားမှုကို ဘယ်လိုပဲ အာရုံပြောင်းပြောင်း မရနိုင်တော့လို့ လုပ်လက်စကို ပစ်ချပြီး သူရိုက်ယူလာတဲ့ ဗီဒီယိုကင်မရာကို ပြန်ဖွင့်ကြည့်ပါတော့တယ်။

******